

## ၂၀၂၃ ခုနှစ်တွင် ဒေါ်လာ ၉၇ ထရီလီယံအထိ စံချိန်တင်မြင့်တက်လာသော ကမ္ဘာ့ကြွေးမြီအပေါ် လိုအပ်သည်များဆောင်ရွက်ရန် ကုလသမဂ္ဂက တိုက်တွန်းထား


ဇွန် ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ အစီရင်ခံစာအရ တိုးမြင့်လာသည့် ကမ္ဘာ့ကြွေးမြီများက ဖွံ့ဖြိုးတိုးတက်ရေးကို အနှောက်အယှက်ဖြစ်စေကြောင်း သတိပေးခဲ့သည်။ “ကြွေးမြီများနှင့်ကမ္ဘာ ၂၀၂၄ - ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝန်ထုပ်ဝန်ပိုး” ဟု ခေါင်းစဉ်တပ်ထားသည့် အစီရင်ခံစာတွင် အစိုးရများ၏ ပြည်တွင်းပြည်ပ ချေးငွေများကြောင့် မကြုံစဖူး အကြွေးများမြင့်တက်လာမှုကို အလေးပေးဖော်ပြထားပါသည်။ ပြည်ပကြွေးမြီသည် ၂၀၂၃ ခုနှစ်ကထက် အမေရိကန်ဒေါ်လာ ၅.၆ ထရီလီယံပို၍ ၂၀၂၄ ခုနှစ်တွင် ၉၇ ထရီလီယံအထိ မြင့်တက်ခဲ့ပါသည်။




ကမ္ဘာ့အကျပ်အတည်းများကြားမှ အထူးသဖြင့် အာဖရိကနိုင်ငံများတွင် ကြွေးမြီဝန်ထုပ်ဝန်ပိုး ပိုမိုကြီးမားခဲ့ပြီး တစ်ဦးချင်းအသားတင်ထုတ်လုပ်မှုကြွေးမြီ ၆၀ % အထက်ရှိသော အာဖရိကနိုင်ငံအရေအတွက်သည် ၂၀၁၃ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ၆ နိုင်ငံမှ ၂၇ နိုင်ငံသို့ တိုးလာခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကြွေးမြီပြန်ဆပ်ရခြင်းကြောင့် ကုန်ကျစရိတ်ပိုများပြီး အချိုးအစားမျှတမှုမရှိပဲ ထိခိုက်စေပါသည်။ ၂၀၂၃ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများက အသားတင် အတိုးတန်ဖိုး ဒေါ်လာ ၈၄၇ ဘီလီယံပေးချေခဲ့ရပြီး ၂၀၂၁ ခုနှစ်ကထက် ၂၆ % တိုးလာခဲ့ခြင်းဖြစ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံတကာငွေချေးနှုန်းတွင် အမေရိကန်ထက် နှစ်ဆမှ လေးဆအထိ နှင့် ဂျာမနီထက် ခြောက်ဆမှ ၁၂ ဆအထိ မြင့်မားသော အတိုးနှုန်းများဖြင့် ချေးခဲ့ရခြင်းဖြစ်ပါသည်။




အတိုးနှုန်းများ လျင်မြန်စွာမြင့်တက်လာခြင်းက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရန်ပုံငွေကို ကန့်သတ်ခြင်းဖြစ်ပြီး လက်ရှိတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ထက်ဝက်သည် အစိုးရဝင်ငွေ၏ အနည်းဆုံး ၈% ကို ကြွေးမြီ ပြန်ဆပ်ရန် သတ်မှတ်ထားရပါသည်။ အဆိုပါအရေအတွက်သည် ဆယ်နှစ်အတွင်း နှစ်ဆတိုးလာခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံ ၅၄နိုင်ငံသည် (အာဖရိကနိုင်ငံများ ထက်ဝက်ပါရှိပါသည်) အစိုးရရန်ပုံငွေ၏ အနည်းဆုံး ၁၀% ကို အတိုးပေးချေရန် သတ်မှတ်ခဲ့သည်။



ကမ္ဘာ့အခက်အခဲများ ပြင်းထန်လာသည်နှင့်အမျှ ကမ္ဘာ့ပူနွေးလာမှုကို ၁.၅ ဒီဂရီစင်တီဂရိတ်အထိ ကန့်သတ်ရန် ကြိုးပမ်းမှုကလည်း အရေးကြီးကိစ္စ ဖြစ်လာသည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများကမူ လက်ရှိတွင် ၎င်းတို့ GDP ၏ ၂.၄% အား အတိုးပေးချေရန် နှင့် ၂.၁% အား ရာသီဥတုဆိုင်ရာကိစ္စများ ဆောင်ရွက်ရန် ခွဲဝေထားသဖြင့် ကြွေးမြီကိစ္စသည် ရာသီဥတုပြောင်းလဲမှုကိစ္စထက် ပိုမိုခက်ခဲနေပါသည်။

အစီရင်ခံစာအရ ပညာရေး သို့မဟုတ် ကျန်းမာရေး အသုံးစရိတ်ထက် အတိုးပေးချေရန် ပိုမိုသုံးစွဲသော နိုင်ငံများတွင် နေထိုင်သည့် လူဦးရေ ၃.၃ ဘီလီယံခန့် ရှိကြောင်း ဖော်ပြထားပါသည်။ တဦးကျဝင်ငွေအရ အာဖရိကတွင် လူတစ်ဦးသည် ပျမ်းမျှအားဖြင့် အတိုးအတွက် သုံးငွေမှာ $ ၇၀ ရှိပြီး ပညာရေးတွင် $ ၆၀ နှင့် ကျန်းမာရေးတွင် $ ၃၉ သုံးစွဲကြောင်းတွေ့ရပါသည်။ အာဖရိက လူဦးရေတစ်ခုလုံး၏ သုံးပုံနှစ်ပုံနီးပါး ရှိသည် လူပေါင်း (၇၆၉) သန်းသည် ပညာရေး သို့မဟုတ် ကျန်းမာရေးတွင် ရင်းနှီးမြုပ်နှံမှုထက် အတိုးပေးနေရသည့် နိုင်ငံများတွင် နေထိုင်ကြပါသည်။

**ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ထောက်ပံ့ရန် အကြံပြုချက်များ**

အစီရင်ခံစာက ကမ္ဘာ့ငွေကြေးစနစ်ကို ပြန်လည်ပြင်ဆင်ရန်နှင့် လက်ရှိကြွေးမြီအကျပ်အတည်းကို ဖြေရှင်းနိုင်မည့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDG) ဆိုင်ရာ Stimulus Package အတွက် အောက်ပါ အကြံပြုချက်များကို တင်ပြထားပါသည် -

- ကမ္ဘာ့ငွေကြေးစနစ်များတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ထိရောက်စွာ ပါဝင်နိုင်ရေး၊
- ထိရောက်သောကြွေးမြီဖြေရှင်းရေးစနစ်ဖြင့်မြင့်တက်လာသောကြွေးမြီကုန်ကျစရိတ်နှင့် ပြဿနာများကို ဖြေရှင်းရေး၊
- အကျပ်အတည်းကာလတွင် ငွေဖြစ်လွယ်မှုကို ပံ့ပိုးပေးရန် ပြုပြင်လွယ်သော ငွေကြေးမူဝါဒများ ချမှတ်ရေးနှင့် နိုင်ငံများကို အကြွေးနွံ့မနစ်စေရေး၊
- နိုင်ငံပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးဘဏ်များနှင့် ပုဂ္ဂလိကအရင်းအမြစ်များကို ချဲ့ထွင်ရေး၊

ယခုအစီရင်ခံစာပါ အချက်များကို ဇွန် ၅ ရက်တွင် ကျင်းပသည့် ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များအတွက် လှုံ့ဆော်ရေး ခေါင်းဆောင်များအဖွဲ့၏ အဖွင့်အစည်းအဝေးတွင် အသိပေးမည် ဖြစ်သည်။ အဆိုပါအဖွဲ့သည် မြင့်မားသော ကြွေးမြီကုန်ကျစရိတ်နှင့် ပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ ရေရှည်ငွေကြေးထောက်ပံ့မှုကို မြှင့်တင်ခြင်းနှင့် ရေတိုငွေဖြစ်လွယ်မှု ခက်ခဲနေသော နိုင်ငံများအား အရေးပေါ်ဘဏ္ဍာငွေထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခြင်းတို့ကို အကြံပြုသွားမည်ဖြစ်ကြောင်း UNCTAD website တွင် ဖော်ပြထားပါသည်။

Source: https://unctad.org/

WTO ဌာနခွဲ

ကုန်သွယ်ရေးဦးစီးဌာန